ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၁ ၊ အမှတ် ၄ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်

## ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်းစတင်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း။




ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်းခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်းစတင်ခြင်း ဖွင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းမှ အဖွင့်အမှာစကားပြောကြားစဉ်။

၁၇-၇-၂၀၂၅ ရက်နေ့ ၊ ၀၉:၀၀ နာရီခန့်တွင် ညောင်းခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း လုပ်ငန်းစတင်ခြင်း အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် ၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျင်းပပြုလုပ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အကောက်ခွန်ဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာပူးပေါင်း စစ်ဆေးရေးအဖွဲ့(OSS) အဖွဲ့ဝင် ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား(၁၂၀) ဦးခန့်တက်ရောက် ခဲ့ကြပါသည်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က အကောက်ခွန်ဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်၊ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့်အထက်အရာရှိကြီးများအား တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကျင်းပခြင်း။




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဦးစီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့်အထက်အရာရှိကြီးများအားတွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားစဉ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်သည် ၂၂-၇-၂၀၂၅ ရက်နေ့၊ နံနက် ၀၈:၃၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) သို့ ရောက်ရှိခဲ့ပြီး ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဦးစီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့်အထက်အရာရှိကြီးများ စုစုပေါင်း(၂၁)ဦးအားတွေ့ဆုံ၍ မိမိတို့ဌာနသည် နိုင်ငံတော်၏ဘဏ္ဍာငွေကိုရှာဖွေရသည့် ဦးစီးဌာနဖြစ်သဖြင့် အခွန်ငွေလျာထားချက်များ ပြည့်မီကျော်လွန်စေရေး အလေးထားဆောင်ရွက်သွားရန်၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာများသည် နှောင့်နှေးကြန့်ကြာခြင်း၊ မလိုအပ်ဘဲရှုပ်ထွေးခြင်းများရှိသဖြင့် စနစ်တကျစိစစ်၍ ပြန်လည်သုံးသပ်ရန်၊ ပြည်ပသို့ပညာတော်သင်များစေလွှတ်ပြီးပါက ထိထိရောက်ရောက် ပြန်လည်အသုံးချနိုင်ရေးဆောင်ရွက်ရန်၊ ဝန်ထမ်းများအား Generalized မဟုတ်ဘဲ Specialized ဖြစ်အောင် ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားဆောင်ရွက်ရန်၊ လေဆိပ်တာဝန်ကျဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဦးစီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အထက်အရာရှိကြီးများအားတွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားခဲ့ရာ စီမံရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးသီဟမှ တင်ပြဆွေးနွေးစဉ်။

ယူနီဖောင်းများအား စနစ်တကျဝတ်ဆင်၍ ဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများကို ကိုယ်စီတာဝန်ပေးအပ်ရာတွင် မျှတစွာဖြင့်တာဝန်ပေးအပ်ရန်၊ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူအဆင့်ဆင့် အနီးကပ်အောက်ခြေသို့စနစ်တကျကြီးကြပ်သွားရန်၊ မိမိတို့ဌာနသည် ပြည်သူလူထုနှင့်တိုက်ရိုက်ထိတွေ့ရသဖြင့် အမြဲတမ်းစိတ်ရှည်သည်းခံပြီးဆက်ဆံရန်နှင့် ဝန်ထမ်းများအား “ အခွန်ထမ်းသည် အမြဲတမ်းမှန်သည်” ဟု ခံယူတတ်စေရန် တွေ့ဆုံမှာကြားလမ်းညွှန်ခဲ့ပြီး ၁၉:၂၀ နာရီတွင် အကောက်ခွန်ဦးစီးဌာနမှ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုတွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား ကျင်းပခြင်း။




**အကောက်ခွန်ဦးစီးဌာန၊ ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုတွေ့ဆုံဆွေးနွေးပွဲ (ဒါဘာ) အခမ်းအနားအား အကောက်ခွန်ဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အမှာစကားပြောကြားစဉ်။**

၁-၇-၂၀၂၅ ရက်နေ့၊ ၀၉:၀၀ နာရီတွင် ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဦးစီးဌာန၊ ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုတွေ့ဆုံဆွေးနွေးပွဲ (ဒါဘာ) အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ညွှန်ကြားရေးမှူး(စီမံ)မှ ၂၀၂၅ ခုနှစ်၊ မတ်လမှ မေလ အထိ ဝန်ထမ်းသက်သာ ချောင်ချိရေးရန်ပုံငွေမှထောက်ပံ့ခဲ့သည့် ကိစ္စရပ်များနှင့် ယခင်ဝန်ထမ်းထု တွေ့ဆုံပွဲ၌ ဌာနခွဲများအလိုက် တင်ပြချက်များအား ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး ကာကွယ်ရေးဌာနခွဲမှ အကောက်ခွန်မှူး ဦးဥက္ကာမင်း မှ Good Practice on K-9 Unit Management (အနံ့ခံခွေး) အား ထိန်းချုပ်ကိုင်တွယ်ခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများအပေါ် အသိပညာပေးခြင်းအား Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည်။




အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲမှ အကောက်ခွန်မှူး ဦးဥက္ကာမင်း မှ Good Practice on K-9 Unit Management (အနံ့ခံခွေး) အား ထိန်းချုပ်ကိုင်တွယ်ခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများအပေါ် အသိပညာပေးခြင်းအား Power Point ဖြင့် ရှင်းလင်းတင်ပြစဉ်။


ဆက်လက်၍ ဌာနခွဲအလိုက် တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနခွဲ ညွှန်ကြားရေးမှူးများမှ ဖြေရှင်းပြောကြားခဲ့ပါသည်။ ၎င်းနောက် ညွှန်ကြားရေးမှူးချုပ်မှ တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများအား လုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စများ၊ အဂတိလိုက်စားမှုများ ကင်းရှင်းစွာ ဆောင်ရွက်ရေးကိစ္စများ၊ လုပ်ငန်းများအားဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းစည်းကမ်းများကိုလည်း တိကျစွာလိုက်နာဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။ အခမ်းအနားသို့ အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၁၅၀)ဦး တက်ရောက်ခဲ့ပါသည်။

# အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ ပြတင်းတစ်ပေါက်ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေး(၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း။



အကောက်ခွန်ဦးစီးဌာန၊ အမျိုးသားအဆင့်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကော်မတီ ပြတင်းတစ်ပေါက်ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေး (၂/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး)ဦးအောင်ဆန်းထွန်းမှ အမှာစကားပြောကြားစဉ်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် (WTO Trade Facilitation Agreement)ပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ ၂/၂၀၂၅ ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၄-၇-၂၀၂၅ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာနရုံးချုပ်၊ဇေယျာသီဟအစည်းအဝေးခန်းမ၌ ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ ဥက္ကဋ္ဌ(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) မှ ဦးဆောင်၍ ကျင်းပခဲ့ပါသည်။



အကောက်ခွန်ဦးစီးဌာန၊ ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ အဓိကအဖွဲ့ဝင်ဌာနများမှ ကိုယ်စားလှယ်များ မှ Video Conferencing ဖြင့်တက်ရောက်စဉ်။

အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများသည် In-Person တက်ရောက်ခဲ့ကြပြီး ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ အဓိကအဖွဲ့ဝင်ဌာနများမှ ကိုယ်စာလှယ်များသည် Video Conferencing ဖြင့်တက်ရောက်ခဲ့ကြသည်။

ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့အနေဖြင့် အကောင်အထည်ဖော်ရန်ကျန်ရှိသည့် Article 10.4 : Single Window နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုဆက်စပ်ဌာနများမှ လက်ရှိလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များကို အစည်းအဝေးတက်ရောက်သူများမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန်အတွက် အကောင်အထည်ဖော်ပြီးစီးခဲ့သည့် Measures များ၏လုပ်ငန်းစဉ်များကို ရေရှည်ကျင့်သုံးဆောင်ရွက်သွားရန်နှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို အစည်းအဝေး ဆုံးဖြတ်ချက်များအနေဖြင့် ချမှတ်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅) ကျင်းပခြင်း။




အကောက်ခွန်ဦးစီးဌာန၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ၂/၂၀၂၅ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်းက အမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာန၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၅) ကို ၄-၇-၂၀၂၅ ရက်နေ့ မွန်းလွဲ ၁၃း၀၀ နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဧယျာသီဟခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) မှ ဦးဆောင်ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက In-Person တက်ရောက်ခဲ့ကြပြီး ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ နှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများ နှင့် ပုဂ္ဂလိကအသင်းအဖွဲ့ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် Trade Facilitaction Agreement လုပ်ငန်းစဉ်သည် စဉ်ဆက်မပြတ်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စတင်ခဲ့၍ ၂၀၁၇ ခုနှစ် တွင် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ တက်ရောက်လာသည့် ဌာနအားလုံး အနေဖြင့်သတ်မှတ်ထားသည့် Timeline အတိုင်း အကောက်ခွန်ဦးစီးဌာနနှင့်တူလိုက်ပါ ဆောင်ရွက်၍ ပူးပေါင်း ပေးစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကိုချမှတ်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည့် လုပ်ငန်း (၁၃) ခုနှင့် ပတ်သက်ပြီး နည်းပညာအဆိုပြုလွှာများအပေါ် ကနဦးအကဲဖြတ်အမှတ်ပေးမှုများပြုလုပ်သည့် အစည်းအဝေးကျင်းပ။



အကောက်ခွန်ဦးစီးဌာနမှ အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည့်လုပ်ငန်း(၁၃) ခုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် နည်းပညာကုမ္ပဏီများမှ ပြန်လည်အဆိုပြုတင်သွင်းလာသော နည်းပညာအဆိုပြုလွှာများအပေါ် "တင်ဒါကော်မတီ" ကိုယ်စား "တင်ဒါလက်ခံရေး နှင့် စိစစ်ရေးကော်မတီ" မှ သက်ဆိုင်ရာကုမ္ပဏီများ၏ ရှေ့မှောက်တွင် ဖွင့်ဖောက်စိစစ်မှုများပြုလုပ်စဉ်။

အကောက်ခွန်ဦးစီးဌာနမှ အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည့်လုပ်ငန်း (၁၃) ခုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် နည်းပညာကုမ္ပဏီများမှ ပြန်လည်အဆိုပြုတင်သွင်းလာသော နည်းပညာအဆိုပြုလွှာများအပေါ် "တင်ဒါကော်မတီ" ကိုယ်စား "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" မှ သက်ဆိုင်ရာကုမ္ပဏီများ၏ ရှေ့မှောက်တွင် ဖွင့်ဖောက်စိစစ်မှုများပြုလုပ်၍ တင်ဒါအမှတ်ပေး စည်းမျဉ်းများနှင့်အညီ ကနဦးအကဲဖြတ်အမှတ်ပေးခြင်းများ ပြုလုပ်သည့် အစည်းအဝေးကို ၂၅-၇-၂၀၂၅ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ MACCS ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ (၁၉) ကြိမ်မြောက်၊ ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းခြင်း



အကောက်ခွန်ဦးစီးဌာန၏ (၁၉) ကြိမ်မြောက်၊ အခမ်းအနားအား ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်း၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက် မှ ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းစဉ်။

အကောက်ခွန်ဦးစီးဌာန၏ (၁၉) ကြိမ်မြောက်၊ ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းခြင်း အခမ်းအနားအား ၁၆-၇-၂၀၂၅ ရက်နေ့ နံနက် ၀၅:၀၀ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနား၌ ဝါဆိုသင်္ကန်းအပါအဝင် နဝကမ္မအလှူငွေ၊ ကမ္ဘာတည်အလှူငွေ၊ ကျန်းမာရေးစောင့်ရှောက်ခအလှူငွေ၊ ဆွမ်းစားဆောင်အမိုးပြုပြင်ရန်အလှူငွေ၊ဆန်၊ ဆီ၊ ကုလားပဲ စသည့်တို့အတွက် အလှူတော်ငွေ စုစုပေါင်း ကျပ် (၂၄,၅၉၇,၀၀၀)နှင့် လှူဖွယ်ပစ္စည်း သင်္ကန်း (၉) စုံအား ဆက်ကပ်လှူဒါန်းခဲ့ပြီး သံဃာတော်များအားနေ့ဆွမ်းဆက်ကပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) နှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ (၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# ရန်ကုန်ရုံးချုပ် မှ နယ်မြေအသီးသီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း / အမှုထမ်းများအား သြဝါဒခံယူပွဲ အခမ်းအနားကျင်းပခြင်း။




ရန်ကုန်ရုံးချုပ် မှ နယ်မြေအသီးသီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း/ အမှုထမ်းများ၏ သြဝါဒခံယူပွဲအခမ်းအနားတွင် ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းထုတ်ယူရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေမှ သြဝါဒအမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်(ရုံးချုပ်) မှ ပြည်နယ်/တိုင်းဒေသကြီးရုံးများ၊ မြို့နယ်ရုံးများ၊ အထူးစီးပွားရေးဇုန်များ၊ OSS စခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း/ အမှုထမ်းများအား ညွှန်ကြားရေးမှူးများမှ ဦးဆောင်၍ တွေ့ဆုံပွဲအခမ်းအနားကို အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ၁၈-၇-၂၀၂၅ ရက်နေ့၊ နံနက် ၀၈:၃၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့ပြီး အရာထမ်း/ အမှုထမ်းအင်အား (၁၅၀) ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဝါတွင်းကာလအတွင်း ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့ ရွတ်ဖတ်ပူဇော်ခြင်း။



အကောက်ခွန်ဦးစီးဌာန၏ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဓမ္မစကြာ ၊ ပဋ္ဌာန်းဒေသနာတော်တို့ ရွတ်ဖတ်ပူဇော်နေစဉ်။

အကောက်ခွန်ဦးစီးဌာန ဝါတွင်းကာလအတွင်း ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့အား ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် အဖွဲ့တစ်ဖွဲ့တွင် ဝန်ထမ်းအင်အား (၃၀) ဦး ခန့်ဖြင့် အဖွဲ့(၂) ဖွဲ့ ခွဲ၍ လပြည့်၊ လကွယ်နေ့ များ၌ ရွတ်ဖတ်ပူဇော်လျက်ရှိပြီး အဖွဲ့တစ်ဖွဲ့လျှင် လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦး မှ ဦးဆောင်၍ ၈-၇-၂၀၂၅ ရက်နေ့ နှင့် ၂၄-၇-၂၀၂၅ ရက်နေ့များတွင် ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၄၂၂၁၈.၃၃၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက် လျက်ရှိရာ ဇူလိုင်လ (၁) ရက် မှ (၃၁) ရက် အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု ( ၄၇၁ ) မှု ဖြစ်ပြီး ခန့်မှန်း တန်ဖိုးကျပ် ( ၄၂၂၁၈.၃၃၅ ) သန်း ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



၂၄-၇-၂၀၂၅ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ Global Conquered King Co.,Ltd. မှ ID No. 100308968800 (21.7.2025) ဖြင့်တင်သွင်းလာသည့် ပေ(၄၀) ကုန်သေတ္တာ(၁၆)လုံးအား တာဝန်ကျစစ်ဆေး ရေးအရာရှိမှ ကြိုစစ်စစ်ဆေးရာ ID တွင် ကြေညာဖော်ပြထားသည် နှင့် အရေအတွက်၊ အမျိုးအစား၊ ကိုက်ညီမှန်ကန်သော်လည်း IL ခွင့်ပြုချက်ထက် ပိုမိုပါရှိလာသော (Writing Paper TK Indigo White 088 55 GSM) (31 X 43IN) (500SH/PCK) (26PCK/PAL) (Rainbow A QLY) (Total- 85623.1 KG) (C/O– Indonesia) ခန့်မှန်းတန်ဖိုး ကျပ်-(၂၆၉,၇၁၂,၇၆၅/-) အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၄၂၂၁၈.၃၃၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၇-၇-၂၀၂၅ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ Thuwunna Nadi Trading Co.,Ltd.မှ ID No. 100294855140 (14.1.2025 ) ဖြင့် တင်သွင်းလာသော ရက် (၆၀) ကျော် လေလံစာရင်းဝင် ပေ(၄၀) ကုန်သေတ္တာ (၁၈)လုံး အား (အထူးအဖွဲ့၊ ကာကွယ်ရေး၊ ထုတ်/သွင်း၊ စစရ) လေလံစစ်ဆေးရေး အဖွဲ့စုံဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ ID တွင် ကြေညာဖော်ပြထားသည်နှင့် ကိုက်ညီမှန်ကန်သော်လည်း VPA (138) Days ဖြစ်ပေါ်နေသော (Animal Feed Supplement Soya Bean Meal) (Total - 510,948 KG) (C/O– Bolivia) ခန့်မှန်းတန်ဖိုး ကျပ်-(၈၆၁,၆၄၂,၂၆၇/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၄၂၂၁၈.၃၃၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၃-၇-၂၀၂၅ ရက်နေ့ (၂၀ : ၀၀) နာရီ အချိန်ခန့်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ဘားအံမြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်အမှတ်၊ (1R/4288) (Express)ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (Brand New Mobile Phone) (Brand- Redmi Note 13 Pro) (C/O-China) (Total- 580 U) ခန့်မှန်းတန်ဖိုး ကျပ်-(၂၉၀,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၄၂၂၁၈.၃၃၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၂၃-၇-၂၀၂၅ ရက်နေ့တွင် တရားမဝင်ကုန်စည်များ မန္တလေးတိုင်းဒေသကြီးအတွင်း တင်သွင်း/တင်ပို့မှု မရှိစေရေး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ အနီးကပ်ကြပ်မတ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့မှအဖွဲ့ဝင်များသည် ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်စဉ် အမရပူရမြို့နယ်၊ မန္တလေးမြို့ မှ စစ်ကိုင်း၊ ကံတလူကတ္တားအကျော်သို့ မောင်းနှင်လာသော မော်တော်ယာဉ်အမှတ်၊ (6R/8975) (6W) ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့် အထွေထွေကုန်စည်များ တင်ဆောင်ထားသဖြင့် အသေးစိတ်စိစစ်နိုင်ရန် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်ခဲ့ပြီး ၂၄-၇-၂၀၂၅ ရက်နေ့ (၁၃:၀၀) နာရီအချိန်တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် အသေးစိတ်စစ်ဆေးရာ (Slim Cigarettes) (Brand- ESSE) (20 Filters) (1 x 50 carton x 80pkg) (C/O- Korea) (4000 carton) အပါအဝင် ကုန်ပစ္စည်း(၂)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်-(၁၀၂,၅၀၀,၀၀၀/-) အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဇူလိုင်လအတွင်း  ခန့်မှန်းတန်ဖိုးကျပ် ( ၄၂၂၁၈.၃၃၅ )  သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု



၂၉-၇-၂၀၂၅ ရက်နေ့ (၁၆ : ၁၁) နာရီအချိန်ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် U Myo Min Tun (PP. No- MJ 095971) သည်  MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M-350 / CR – 7120 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် မှ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ထွက်ခွာမည့် ၎င်းခရီးသည်၏ Hand Carry Baggage အား X-Ray ပုံရိပ် မသင်္ကာသဖြင့် အကောက်ခွန် ကောင်တာ၌ အဖွဲ့စုံဖြင့် ဖွင့်ဖောက် စစ်ဆေးခဲ့ရာ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော (ရွှေဟုယူဆရသော လက်ဝတ်ရတနာမျိုးစုံ) (လက်စွပ်) (ကျောက်ပါ) (ရွှေကွင်း) (၁၉ကွင်း) အပါအဝင် ရွှေဟုယူဆရသော လက်ဝတ်ရတနာ(၅)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်-(၁၁၈,၅၀၀,၀၀၀/-)ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၄၂၂၁၈.၃၃၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု




၁၅-၇-၂၀၂၅ ရက်နေ့ တွင် လေယာဉ်ခရီးစဉ်အမှတ် TG-301, MAWB No. 001-13184905, HAWB No. DFW00012547 (15.7.2025) ဖြင့် အမေရိကန်နိုင်ငံ မှ ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ) သို့ Grand Pharmaceuticals Co.,Ltd က တင်သွင်းလာသော (Brand New: Medical Devices) (Acrysof IQ Aspheric IOL) (D Size) (UV & Blue Light Filter) (1Pc/Pack) (Brand- ALCON) (C/O- USA) (Weight- 31 Kg) (Total- 548 U) ခန့်မှန်းတန်ဖိုး ကျပ်-(၁၀၁,၆၅၀,၁၆၄/-)ခန့်သည် ID, IL, Invoice, Packing List တို့နှင့် ကွဲလွဲစွာပါရှိလာခဲ့သည့်အပြင် သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။